စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

စိုက်ပျိုးရေးဦးစီးဌာန

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် စိုက်ပျိုးရေးအစီအစဉ်များအားတင်ပြခြင်း

ဒေါက်တာမျိုးကျော်သူ

ဒုတိယညွှန်ကြားရေးမှူး









## နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဆောင်ရွက်သည့် အစီအစဉ်များ

| စဉ် | အကြောင်းအရာ | | မတည်ရန်ပုံငွေ (ကျပ်ဘီလီယံ) |
|---|---|---|---|
| (က) | စိုက်ပျိုးရေးကဏ္ဍ | (က-၁) နွေစပါး၊ မိုးစပါး အစီအစဉ် | ၂၃၀.၀၀၀ |
| | | (က-၂) ဆီထွက်သီးနှံ(မြေပဲ၊ နှမ်း၊ နေကြာ) အစီအစဉ် | ၅၆.၃၁၀ |
| (ခ) | မွေးမြူရေးကဏ္ဍ | (ခ-၁) မွေးမြူရေးအစီအစဉ်(အသားတိုးကြက်၊ ဥစားဘဲ၊ အသားတိုးဝက်) | ၂၀.၀၀၀ |
| | | (ခ-၂) မွေးမြူရေးအစီအစဉ်(နို့စားနွား၊ အသားတိုးနွား၊ ဥစားကြက်၊ သိုး/ဆိတ်) | ၁၂.၀၀၀ |
| (ဂ) | ရေရရှိရေးကဏ္ဍ | (ဂ-၁) စိုက်ပျိုးရေရရှိရေးအစီအစဉ် | ၀.၆၀၄ |
| | စုစုပေါင်း | | ၃၁၈.၉၁၄ |






“နိုင်ငံ၏စီးပွားရေးအခြေအနေကောင်းများ ဖန်တီးနိုင်မှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်” ဆိုသည့် မူဝါဒနှင့်အညီ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ထူထောင်၍ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ပြီး တစ်ဦးချင်းဝင်ငွေ တိုးတက်စေရန် ဤ အစီအစဉ်ကို ဆောင်ရွက်ခြင်းဖြစ်ပါသည်။






# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ပြည်ထောင်စုအဆင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး

အမိန့်ကြော်ငြာစာအမှတ် ( ၉၀ /၂၀၂၃ )
၁၃၈၅ ခုနှစ်၊ တန်ခူးလကွယ်
(၂၀၂၃ ခုနှစ် ၊ ဧပြီလ ၁၈ ရက်)

**နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ပြည်ထောင်စုအဆင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းကြီးကြပ်မှုကော်မတီ ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်ဖြစ်သော **"နိုင်ငံ၏ စီးပွားရေးအခြေအနေကောင်းများ ဖန်တီးနိုင်မှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်"** ဆိုသည့် မူဝါဒနှင့်အညီ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေထူထောင်၍ စိုက်ပျိုးရေးမွေးမြူရေးကဏ္ဍတွင် တောင်သူများ၏ စိုက်ပျိုးမွေးမြူထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ပြီး တစ်ဦးချင်းဝင်ငွေ တိုးတက်စေရန် ရည်ရွယ်၍ စိုက်ပျိုးမွေးမြူရေးစီမံကိန်းများကို ဆောင်ရွက်သွားမည်ဖြစ်ရာ အဆိုပါစီမံကိန်းများအား ကြီးကြပ်ရန် **"နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ပြည်ထောင်စုအဆင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းကြီးကြပ်မှုကော်မတီ"** ကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး(မွေး/ရေ)<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဥက္ကဋ္ဌ<br>(၁) |
| (ခ) | ဒုတိယဝန်ကြီး(စိုက်/ဆည်)<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဥက္ကဋ္ဌ<br>(၂) |
| (ဂ) | အမြဲတမ်းအတွင်းဝန်<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | အမြဲတမ်းအတွင်းဝန်<br>သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | အမြဲတမ်းအတွင်းဝန်<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် | အဖွဲ့ဝင် |
| (ည) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံ မြေဩဇာ ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေး လုပ်ငန်းရှင်များအသင်း | အဖွဲ့ဝင် |
| (ဋ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း | အဖွဲ့ဝင် |
| (ဌ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အတွင်းရေးမှူး<br>(၁) |
| (ဎ) | ညွှန်ကြားရေးမှူးချုပ်<br>မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အတွင်းရေးမှူး<br>(၂) |
| (ဏ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အတွင်းရေးမှူး<br>(၃) |

၂။ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ပြည်ထောင်စုအဆင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) မူဝါဒ၊ စည်းကမ်းသတ်မှတ်ချက်၊ ညွှန်ကြားချက်၊ စံလုပ်ထုံးလုပ်နည်းများ အခါအား လျော်စွာ လမ်းညွှန်မှုပေးရန်၊

(ခ) နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် စိုက်ပျိုးမွေးမြူရေးစီမံကိန်းများ အတွက် ရေးဆွဲထားသော စီမံချက်၊ စာချုပ်များအပေါ် လမ်းညွှန်မှုပေးရန်၊

(ဂ) နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် စိုက်ပျိုးမွေးမြူရေးစီမံကိန်း ရည်မှန်းချက်များ ပြည့်မီ၍ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး ချေးငွေဆိုင်ရာ ဘဏ္ဍာငွေစည်းမျဉ်း၊ စည်းကမ်းများ ကိုက်ညီမှုရှိ/ မရှိ ကြီးကြပ်လမ်းညွှန်ရန်၊

(ဃ) နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် စိုက်ပျိုးမွေးမြူရေး စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများကို အစီရင်ခံစာတင်ပြရန်။

(င) လုပ်ငန်းအစုအဖွဲ့များအကြား အငြင်းပွားမှုများ ပေါ်ပေါက်လာပါက ဖြေရှင်းနိုင်မည့် နည်းလမ်းများကို ဆုံးဖြတ်ပေးရန်၊

(စ) လိုအပ်သည့် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများကို ဖွဲ့စည်းဆောင်ရွက်ရန်၊

(ဆ) နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် စိုက်ပျိုးမွေးမြူရေး စီမံကိန်း အောင်မြင်စေရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်း ဆောင်ရွက်ရန်၊

၃။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ၂၈-၁၂-၂၀၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၈၇/၂၀၂၂ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

မင်းနောင်
ပြည်ထောင်စုဝန်ကြီး
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

စာအမှတ်၊ စမက(၂)၁၀၀၁၂ ( ၂၇၁ /၂၀၂၃)
ရက်စွဲ ၊ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၈ ရက်

# (ကျိုးကြောင်းဖော်ပြချက်)

## တောင်သူအခက်အခဲ



၁။ အထွက်နှုန်းနည်း

၂။ သွင်းအားစုထည့်သွင်းရန် အရင်းအနှီးမရှိ

၃။ သီးနှံထွက်ကုန်အတွက် ဈေးကွက်မသေချာ

၄။ ဝင်ငွေနည်း

## သီးနှံဝယ်ယူသူအခက်အခဲ



၁။ သီးနှံဝယ်ယူရန် ငွေကြေး အရင်းအနှီးမရှိ

၂။သီးနှံဝယ်ယူရမည့် တောင်သူ မရှိ

၃။သီးနှံအရည်အသွေး ကောင်း ဝယ်ယူလို

## သွင်းအားစုရောင်းချသူ အခက်အခဲ



၁။ ဈေးကွက်တွင် တောင်သူမရှိ

၂။ အရေအတွက် အများကြီး မရောင်းနိုင်

၃။ ရောင်းချရမှုအပေါ်တောင်သူ ထံမှ လက်ငင်း ရောင်းရဖို့ မသေချာ

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ


## သုံးဦးသုံးဖလှယ် သဘောတူစာချုပ်ချုပ်ဆိုခြင်း

တောင်သူ
အစုအဖွဲ့

ဝယ်ယူ၊
ကြိတ်ခွဲ၊
တင်ပို့သူ
အစုအဖွဲ့

သွင်းအားစု
ရောင်းချသူ
အစုအဖွဲ့

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ



စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန


နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့်ဆောင်ရွက်သည့် နွေစပါး၊ မိုးစပါး
အစီအစဉ်မှ ၂၀၂၅ -၂၀၂၆ ခုနှစ်၊ မိုးစပါးသီးနှံ
(စာချုပ်များ )

(က) ဝယ်ယူ၊ ကြိတ်ခွဲ၊တင်ပို့သူ အစုအဖွဲ့၊ သွင်းအားစု အစုအဖွဲ့၊ တောင်သူအစုအဖွဲ့တို့ ချုပ်ဆိုသည့် သုံးဦးသုံးဖလှယ် သဘောတူစာချုပ်

(ခ) တိုင်းဒေသကြီး/ပြည်နယ်အဆင့်စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ နှင့် ဝယ်ယူ၊ ကြိတ်ခွဲ ၊တင်ပို့သူအစုအဖွဲ့တို့ ချုပ်ဆိုသည့် ချေးငွေစာချုပ်

၂၀၂၅ ခုနှစ် ၊ ဇွန်လ ( ) ရက်



# တောင်သူအစုအဖွဲ့ ဆိုသည်မှာ

အမှန်တကယ် အောင်မြင်အောင် ဆောင်ရွက်ချင်စိတ်ရှိသူများ၊ ဝယ်ယူ၊ ကြိတ်ခွဲ၊ တင်ပို့သူအစုအဖွဲ့၊ သွင်းအားစု အစုအဖွဲ့တို့နှင့် သဘောတူ စာချုပ်ချုပ်ဆိုနိုင်သူများ၊ ဈေးငွေပမာဏနှင့်ညီမျှသော ထွက်ကုန်သီးနှံများအား ဝယ်ယူ၊ ကြိတ်ခွဲ ၊ တင်ပို့သူများအစုအဖွဲ့များထံ ပြန်လည်ပေးသွင်းခြင်း၊ ရောင်းချခြင်း ဆောင်ရွက်နိုင်သူများ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ကြွေးကျန်ရှိသည့် တောင်သူများအနေဖြင့် ကြွေးကျန် ပမာဏ ၏ အနည်းဆုံး ၂၅% အပါအဝင် ဈေးငွေပမာဏနှင့်ညီမျှသော ထွက်ကုန် သီးနှံများ ပြန်လည်ပေးသွင်းရန် သဘောတူသူများ ပါဝင်သော အစုအဖွဲ့တို့ ဖြစ်ပါသည်။

# သွင်းအားစုအစုအဖွဲ့ ဆိုသည်မှာ

တောင်သူများ အသုံးပြုလိုသော သွင်းအားစုများအား အရည်အသွေး၊ စံချိန်စံညွှန်း ပြည့်မီပြီး ဈေးနှုန်းသက်သာစွာဖြင့် တောင်သူများလက်ဝယ် အချိန်မီရောက်ရှိစေရေး ပူးပေါင်း ဆောင်ရွက် နိုင်သည့် သူများ ပါဝင်သောအစုအဖွဲ့ဖြစ်ပါသည်။

# ဝယ်ယူကြိုတ်ခွဲ၊ တင်ပို့သူအစုအဖွဲ့များ ဆိုသည်မှာ

- စပါးသီးနှံအတွက်မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ အဖွဲ့ဝင်များဖြစ်သော Exporter ကုမ္ပဏီများ၊ ဆန်စက်များ၊ တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ အဖွဲ့ဝင်မဟုတ်သော ဆန်စက်များ ၊စပါးအဝယ်ကိုယ်စားလှယ်များ၊ မြို့နယ်သမဝါယမအသင်းစု၊ တိုင်းဒေသကြီး/ပြည်နယ် သမဝါယမ အသင်းစုချုပ် တို့ပါဝင်သည်။
- ဆီထွက်သီးနှံအတွက် မြန်မာနိုင်ငံ ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်းမှ အသင်းဝင်ကုမ္ပဏီ (သို့မဟုတ်) ဆီစက်များ၊ တိုင်းဒေသကြီး/ပြည်နယ် အတွင်းရှိ မြန်မာနိုင်ငံ ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံဆီစက် ပိုင်ရှင်များအသင်းမှ အသင်းဝင်မဟုတ်သော ဆီစက်များ၊ ပွဲစားများ၊ အဝယ်ကိုယ်စားလှယ်များ၊ မြို့နယ်သမဝါယမအသင်းစု၊ တိုင်းဒေသကြီး /ပြည်နယ်သမဝါယမအသင်းစုချုပ် တို့ ပါဝင်သည်။

# ပူးပေါင်းဆောင်ရွက်သော အသင်းအဖွဲ့များ

၁။ မြန်မာနိုင်ငံ ပဲမျိုးစုံ၊ပြောင်းနှင့် နှမ်းကုန်သည်များအသင်း

၂။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

၃။ မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်း

၄။ မြန်မာနိုင်ငံဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များ အသင်း

၅။ မြန်မာနိုင်ငံမြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေး လုပ်ငန်းရှင်များအသင်း

## ရည်ရွယ်ချက်

(က) တောင်သူများအနေဖြင့် သွင်းအားစုများ ထည့်သွင်းအသုံးပြုခြင်းဖြင့် တစ်ဧကအထွက်နှုန်း ပိုမို တိုးတက် လာစေရန်

(ခ) ဈေးနှုန်းနှင့် ဈေးကွက်သေချာမှုရှိခြင်းဖြင့် တောင်သူ များ ဝင်ငွေပိုမိုရရှိလာပြီး နိုင်ငံ့စီးပွား တိုးတက်မြင့်မားလာစေရန်

(ဂ) အစီအစဉ်တွင်ပါဝင်သော အစုအဖွဲ့အားလုံး အကျိုးအမြတ် ကိုယ်စီ ရရှိစေရန်

(ဃ) အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုပေါ်ပေါက်လာစေရန်

(င) ပုဂ္ဂလိကလုပ်ငန်းရှင်များ ပြည်ပဈေးကွက်များသို့ ပိုမို ချိတ်ဆက်မှုရရှိစေရန်

(စ) ပူးပေါင်းဆောင်ရွက်သည့် အလေ့အကျင့်များ ရရှိလာစေရန်

## မူဘောင်

(က) တောင်သူများထံသို့ငွေသားဖြင့် ထုတ်မချေးဘဲ (၁)%တောင်သူများ အတွက် လိုအပ်လျက်ရှိသော သွင်းအားစုများကို (သွင်းအားစု ရောင်းချ သူမှ ဝ.၅% နှင့် ဝယ်ယူ၊ ကြိတ်ခွဲ၊ တင်ပို့သူ အစုအဖွဲ့များမှ ဝ.၅%) ဝန်ဆောင်ခ ရယူ၍ ချေးငွေတန်ဖိုးနှင့် ညီမျှသောသွင်းအားစုများသာ ရရှိရေး ဆောင်ရွက်ပေးရန်၊

(ခ) တောင်သူများမှ ပေါက်ဈေးနှင့်အညီ ဝယ်ယူ၊ ကြိတ်ခွဲ၊ ရောင်းချရေး အစုအဖွဲ့များထံသို့ သီးနှံပြန်လည်ရောင်းချပေးဆပ်ရန်၊

(ဂ) မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ကြွေးကျန်ရှိသည့် တောင်သူများအနေဖြင့် ကြွေးကျန်ပမာဏ၏ (၂၅)% ပြန်လည် ရောင်းချပေးဆပ်ရန်၊

(ဃ) သွင်းအားစုများ သတ်မှတ်ချိန်အတွင်း အချိန်မီရောက်ရှိ အသုံးပြုနိုင်ရေး အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက ကြီးကြပ်ဆောင်ရွက်ရန်၊

(င) ချေးငွေထုတ်ချေးပေးသည့် သွင်းအားစုတန်ဖိုးနှင့် ဝန်ဆောင်ခ (၁)% ငွေများအား မပျောက်ပျက်၊ မဆုံးရှုံးအောင် စီမံဆောင်ရွက်ရန်၊


# တစ်ကေ ထောက်ပံ့သောနှုန်းထား

၁ကေ

| | ယခင် | ယခု |
|---|---|---|
| ပဲတီစိမ်းသီးနှံ | ၁၂၀၀၀၀ (ကျပ်) | - |
| စပါးသီးနှံ | ၂၀၀၀၀၀ (ကျပ်) | ၂၅၀၀၀၀ (ကျပ်) |
| မြေပဲသီးနှံ | ၃၀၀၀၀၀ (ကျပ်) | ၄၀၀၀၀၀ (ကျပ်) |
| နှမ်းသီးနှံ | ၁၅၀၀၀၀ (ကျပ်) | ၂၀၀၀၀၀ (ကျပ်) |
| နေကြာသီးနှံ | ၂၀၀၀၀၀ (ကျပ်) | ၂၅၀၀၀၀ (ကျပ်) |

# (ဆောင်ရွက်သည့်ပုံစံ)

## စီမံကိန်း ဒီဇိုင်းပုံစံ




## လုပ်ငန်းစဉ်များ

(က) လိုအပ်သည့် ကော်မတီများဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း

(ခ) ဝယ်ယူ၊ ကြိတ်ခွဲ၊ တင်ပို့သူ အစုအဖွဲ့များအားဖိတ်ခေါ်ခြင်း

(ဂ) ဝယ်ယူ၊ ကြိတ်ခွဲ၊ တင်ပို့သူ အစုအဖွဲ့များ ရွေးချယ်ခြင်း

(ဃ) သွင်းအားစု အစုအဖွဲ့ ဖွဲ့စည်းခြင်း

(င) စီမံကိန်းဆောင်ရွက်မည့် ကျေးရွာများ သတ်မှတ်ခြင်း

(စ) တောင်သူအစုအဖွဲ့/သမဝါယမအသင်း ဖွဲ့စည်းခြင်း

(ဆ) တောင်သူလိုအပ်သော သွင်းအားစုစာရင်းကောက်ယူခြင်း

(ဇ) ဝယ်ယူ၊ ကြိတ်ခွဲ၊တင်ပို့သူအစုအဖွဲ့၊ သွင်းအားစုအစုအဖွဲ့၊ တောင်သူအစုအဖွဲ့ တို့ သုံးဦးသုံးဖလှယ် သဘောတူစာချုပ် ချုပ်ဆိုခြင်း

(ဈ) တိုင်းဒေသကြီး/ပြည်နယ်အဆင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းကြီးကြပ်မှုကော်မတီနှင့် ဝယ်ယူ ၊ ကြိတ်ခွဲ၊ တင်ပို့သူ အစုအဖွဲ့တို့ ချေးငွေစာချုပ် ချုပ်ဆိုခြင်း

(ည) တိုင်းဒေသကြီး/ပြည်နယ်အဆင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းကြီးကြပ်မှုကော်မတီမှ ဝယ်ယူ၊ ကြိတ်ခွဲ၊ တင်ပို့သူအစုအဖွဲ့သို့ ချေးငွေပေးခြင်း


(ဋ) သီးနှံရောင်းချခြင်း

(ဌ) သီးနှံဝယ်ယူခြင်း

(ဍ) တိုင်းဒေသကြီး/ပြည်နယ်အဆင့်စိုက်ပျိုးမွေးမြူရေး လုပ်ငန်းကြီးကြပ်မှုကော်မတီသို့ ဝယ်ယူ၊ ကြိတ်ခွဲ၊ တင်ပို့သူ အစု အဖွဲ့မှ ချေးငွေပြန်လည်ပေးဆပ်ခြင်း

# ကျပ် (၂၃၀) ဘီလီယံဖြင့်ဆောင်ရွက်သည့် နွေစပါး၊ မိုးစပါးအစီအစဉ်

## ၂၀၂၂-၂၀၂၃ ခုနှစ်၊ ပဲတီစိမ်း ၊




ပဲခူးတိုင်းဒေသကြီး

ရန်ကုန်တိုင်းဒေသကြီး

ဧရာဝတီတိုင်းဒေသကြီး

## ၂၀၂၂-၂၀၂၃ ခုနှစ်၊ နွေစပါး၊



နေပြည်တော်

စစ်ကိုင်းတိုင်းဒေသကြီး

ပဲခူးတိုင်းဒေသကြီး


မကွေးတိုင်းဒေသကြီး

မန္တလေးတိုင်းဒေသကြီး

ရန်ကုန်တိုင်းဒေသကြီး

ဧရာဝတီတိုင်းဒေသကြီး

## ၂၀၂၃-၂၀၂၄ ခုနှစ်၊ မိုးစပါး၊



နေပြည်တော်

ကချင်ပြည်နယ်

မကွေးတိုင်းဒေသကြီး

ရှမ်းပြည်နယ်

ပဲခူးတိုင်းဒေသကြီး

ရခိုင်ပြည်နယ်

ရန်ကုန်တိုင်းဒေသကြီး


ဧရာဝတီတိုင်းဒေသကြီး

မွန်ပြည်နယ်

တနင်္သာရီတိုင်းဒေသကြီး


# ကျပ် (၂၃၀) ဘီလီယံဖြင့်ဆောင်ရွက်သည့် နွေစပါး၊ မိုးစပါးအစီအစဉ်

## ၂၀၂၃-၂၀၂၄ ခုနှစ် ၊နွေစပါး




- နေပြည်တော်
- မကွေးတိုင်းဒေသကြီး
- ပဲခူးတိုင်းဒေသကြီး
- ရန်ကုန်တိုင်းဒေသကြီး
- ဧရာဝတီတိုင်းဒေသကြီး
- မန္တလေးတိုင်းဒေသကြီး

## ၂၀၂၄-၂၀၂၅ ခုနှစ်၊ မိုးစပါး



- နေပြည်တော်
- ကချင်ပြည်နယ်
- မကွေးတိုင်းဒေသကြီး
- ရှမ်းပြည်နယ်
- ပဲခူးတိုင်းဒေသကြီး
- မန္တလေးတိုင်းဒေသကြီး
- ရန်ကုန်တိုင်းဒေသကြီး
- ဧရာဝတီတိုင်းဒေသကြီး
- မွန်ပြည်နယ်
- တနင်္သာရီတိုင်းဒေသကြီး


## ၂၀၂၄-၂၀၂၅ ခုနှစ်၊ နွေစပါး



- နေပြည်တော်
- ပဲခူးတိုင်းဒေသကြီး
- မကွေးတိုင်းဒေသကြီး
- မန္တလေးတိုင်းဒေသကြီး
- ရန်ကုန်တိုင်းဒေသကြီး
- ဧရာဝတီတိုင်းဒေသကြီး


# ကျပ် (၅၆.၃၁) ဘီလီယံဖြင့်ဆောင်ရွက်သည့် ဆီထွက်သီးနှံ (မြေပဲ၊နှမ်း၊နေကြာ)

## ၂၀၂၃-၂၀၂၄ ခုနှစ်၊ ဆောင်းဆီထွက်




- နေပြည်တော်
- ကချင်ပြည်နယ်
- ပဲခူးတိုင်းဒေသကြီး
- မကွေးတိုင်းဒေသကြီး
- မန္တလေးတိုင်းဒေသကြီး
- မွန်ပြည်နယ်
- ရန်ကုန်တိုင်းဒေသကြီး
- ရှမ်းပြည်နယ်
- ဧရာဝတီတိုင်းဒေသကြီး

## ၂၀၂၄-၂၀၂၅ ခုနှစ်၊ မိုးမြေပဲ



- နေပြည်တော်
- မကွေးတိုင်းဒေသကြီး
- မန္တလေးတိုင်းဒေသကြီး
- ရှမ်းပြည်နယ်
- ဧရာဝတီတိုင်းဒေသကြီး

## ၂၀၂၄-၂၀၂၅ ခုနှစ်၊ ဆောင်းဆီထွက်



- နေပြည်တော်
- ကချင်ပြည်နယ်
- ကရင်ပြည်နယ်
- ပဲခူးတိုင်းဒေသကြီး
- မကွေးတိုင်းဒေသကြီး
- မန္တလေးတိုင်းဒေသကြီး
- မွန်ပြည်နယ်
- ရန်ကုန်တိုင်းဒေသကြီး
- ရှမ်းပြည်နယ်
- ဧရာဝတီတိုင်းဒေသကြီး


# ဆောင်ရွက်မှုရလဒ်များ




စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန
ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်
နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သည့်
နွေစပါးစီမံကိန်းဝင်
တောင်သူများထံသို့
awba



# နွေစပါး၊မိုးစပါးအစီအစဉ်မှ လည့်ပတ်ရန်ပုံငွေအဖြစ် သုံးစွဲနိုင်မှု အခြေအနေ




ကျပ် ၄၀.၂၈၆ ဘီလီယံ


ကျပ် ၄၁၉.၈၉၃ ဘီလီယံ

ကျပ် ၃၀၆.၈၆၄ ဘီလီယံ

ကျပ် ၇၆၇.၀၅၃ ဘီလီယံ

ကျပ် ၅၃၇.၀၅၃ ဘီလီယံ

# ဆီထွက်သီးနှံ(မြေပဲ၊နှမ်း၊နေကြာ)အစီအစဉ်မှ လှည့်ပတ်ရန်ပုံငွေအဖြစ် သုံးစွဲနိုင်မှု အခြေအနေ




ကျပ် ၄၈.၆၀၁ ဘီလီယံ

ကျပ် ၂၆.၃၇၄ ဘီလီယံ

ကျပ် ၄၀.၂၉၃ ဘီလီယံ

ကျပ် ၁၁၅.၂၆၈ ဘီလီယံ

ကျပ် ၅၈.၉၅၈ ဘီလီယံ

# ဝန်ဆောင်ခနှင့် ဒဏ်ကြေး ရရှိမှုအခြေအနေ(၁.၇.၂၀၂၅ နေ့ထိ)

ကျပ်သန်း

| စဉ် | ဘဏ္ဍာနှစ် | ဝန်ဆောင်ခ ရရှိငွေ (ကျပ်သန်း) | ဒဏ်ကြေး ရရှိငွေ (ကျပ်သန်း) | ပေါင်း (ကျပ်သန်း) |
|---|---|---|---|---|
| (က) | နွေစပါး၊ မိုးစပါးအစီအစဉ် | ၆,၉၄၉.၆၂၁ | ၂၄၂.၉၇၈ | ၇,၁၉၂.၅၉၉ |
| (ခ) | ဆီထွက်သီးနှံ(မြေပဲ၊နှမ်း၊နေကြာ)အစီအစဉ် | ၁,၀၇၄.၅၂၁ | ၈.၇၀၅ | ၁,၀၈၃.၂၂၆ |
| (ဂ) | စုစုပေါင်း (က+ခ) | ၈,၀၂၄.၁၄၂ | ၂၅၁.၆၈၃ | ၈,၂၇၅.၈၂၅ |






# (အကျိုးကျေးဇူးများ)












# (အကျိုးကျေးဇူးများ)

(က) **တောင်သူများသည်** အရည်အသွေးနှင့် စျေးနှုန်းမှန်ကန်သော သွင်းအားစုများကို ကျေးရွာအရောက် အဆင်ပြေချောမွေ့စွာ ရရှိခြင်း၊

(ခ) **တောင်သူများအတွက်** သွင်းအားစုများကို သီးနှံစိုက်ပျိုးချိန်အမီရရှိခြင်းဖြင့် လိုအပ်သည့် အချိန်သုံးစွဲနိုင်ပြီး တစ်ဧကအထွက်နှုန်းများ ပိုမိုထွက်ရှိလာခြင်း၊

(ဂ) **တောင်သူများအနေဖြင့်** သွင်းအားစုတန်ဖိုးနှင့်ညီမျှသော သီးနှံများအား ဒေသပေါက်စျေးနှင့် တန်ဖိုးသင့်၍ သီးနှံရိတ်သိမ်းပြီးမှသာ ပေးဆပ်ရခြင်းဖြစ်၍ စိုက်ထုတ်ရသည့် ကုန်ကျစရိတ်သက်သာခြင်း၊

(ဃ) **တောင်သူများအနေဖြင့်** သွင်းအားစုကိုမှန်မှန်ကန်ကန် သုံးစွဲနိုင်သည့်အတွက် တစ်ဧကအထွက်နှုန်း တိုးတက်လာပြီး ဝင်ငွေ ပိုမိုရရှိခြင်း၊

(င) **တောင်သူများအနေဖြင့်** အစုအဖွဲ့ဖြင့် စုပေါင်းဆောင်ရွက်နိုင်ခြင်း၊

(စ) ပါဝင်ဆောင်ရွက်သည့် **တောင်သူများအနေဖြင့်** မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ နှစ်ပေါင်းကြွေးကျန်များကို ပေးဆပ်နိုင်ခြင်း၊

# (အကျိုးကျေးဇူးများ) အဆက်

(ဆ) ဝယ်ယူ၊ ကြိတ်ခွဲ၊ တင်ပို့သူ အစုအဖွဲ့များ အနေဖြင့် သီးနှံ ဝယ်ယူရန် ငွေကြေးအရင်းအနှီး လျော့ချနိုင်ခြင်း၊

(ဇ) ဝယ်ယူ၊ ကြိတ်ခွဲ၊ တင်ပို့သူ အစုအဖွဲ့များ အနေဖြင့် သဘောတူစာချုပ်ချုပ်ထားသော တောင်သူများထံမှ သီးနှံရရှိနိုင်ခြင်းကြောင့် ကုန်ကြမ်းရရှိရန်လွယ်ကူခြင်း၊

(ဈ) ဝယ်ယူ၊ ကြိတ်ခွဲ၊ တင်ပို့သူ အစုအဖွဲ့များ အနေဖြင့် အရည်အသွေးကောင်းသောသီးနှံများ ရရှိနိုင်ခြင်း

(ည) သွင်းအားစုအစုအဖွဲ့အနေဖြင့်လည်း ဈေးကွက်ခိုင်မာပြီး ရောင်းချမှုအပေါ် ငွေကြေးဆုံးရှုံးမှု မဖြစ်ပေါ်စေခြင်း၊

(ဋ) တောင်သူအစုအဖွဲ့၊ သွင်းအားစုအစုအဖွဲ့၊ ဝယ်ယူကြိတ်ခွဲရေး အစုအဖွဲ့များဖြင့် စနစ်တကျဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့သဖြင့် ကောင်းမွန် လျော်ကန် သင့်မြတ်သော စနစ်တစ်ခုဖြစ်ခြင်း၊

(ဌ) တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်လုပ်ငန်း ကြီးကြပ်မှု ကော်မတီများ ဖွဲ့စည်း၍ ဆောင်ရွက်သည့်အတွက် လုပ်ငန်း ကြီးကြပ်မှုကော်မတီများမှ စီမံကိန်းအောင်မြင်ရေးအတွက် ပူးပေါင်း ဆောင်ရွက်နိုင်ခြင်း၊

(ဍ) အစိုးရ၊ ပုဂ္ဂလိကနှင့် တောင်သူအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာခြင်း တို့ဖြစ်ပါတယ်။

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့်ဆောင်ရွက်သည့် စိုက်ပျိုးရေးအစီအစဉ်အား အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအားဖြင့် တောင်သူများလိုအပ်သည့် သွင်းအားစုများကို ဈေးနှုန်းသက်သာစွာ အသုံးပြုနိုင်ခြင်း၊ အထွက်နှုန်းတိုးစေခြင်း၊ ဝင်ငွေတိုးစေခြင်း စသည့်အကျိုးများစွာ ရရှိလာသည့်အပြင် လုပ်ငန်းကွင်းဆက် တစ်ခုလုံးမှာ ပါဝင်သူများအားလုံး အကျိုးဖြစ်ထွန်းလာစေပါသည်။










တောင်သူလယ်သမားများအနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့်ဆောင်ရွက်သည့် စိုက်ပျိုးရေးအစီအစဉ်တွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန် တိုက်တွန်း နှိုးဆော်အပ်ပါကြောင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနရှိ နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်၊ခရိုင်၊မြို့နယ်ဦးစီးမှူးရုံးများနှင့် ဆက်သွယ် ဆောင်ရွက်နိုင်ပါကြောင်း တင်ပြအပ်ပါသည်။


## နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် စိုက်ပျိုးရေးအစီအစဉ်များအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ရေးဆွဲထားသော လုပ်ထုံးလုပ်နည်းများ


၁။ အကောင်အထည်ဖော်ရေးစီမံချက်

၂။ စာချုပ်များ

၃။ ရန်ပုံငွေစီမံခန့်ခွဲမှုစီမံချက်



# လုပ်ငန်းစဉ်များ၊ ဆောင်ရွက်ရမည့် နည်းလမ်းနှင့်တာဝန်

| စဉ် | လုပ်ငန်းစဉ် | ဆောင်ရွက်ရမည့် နည်းလမ်းနှင့်တာဝန် |
|---|---|---|
| (က) | လိုအပ်သည့်ကော်မတီများဖွဲ့စည်းခြင်းနှင့် လုပ်ငန်း တာဝန်များ သတ်မှတ်ခြင်း | ပြည်ထောင်စုအဆင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းကြီးကြပ်မှုကော်မတီအားဝန်ကြီးဌာနမှဖွဲ့စည်း၍တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းကြီးကြပ်မှုကော်မတီအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဖွဲ့စည်းပေးရမည်။ |

# လုပ်ငန်းစဉ်များ၊ ဆောင်ရွက်ရမည့် နည်းလမ်းနှင့်တာဝန်

| စဉ် | လုပ်ငန်းစဉ် | ဆောင်ရွက်ရမည့် နည်းလမ်းနှင့်တာဝန် |
| --- | --- | --- |
| (ခ) | ဝယ်ယူ၊ ကြိတ်ခွဲ၊ တင်ပို့သူ အစုအဖွဲ့များ ဖိတ်ခေါ်ခြင်း | စပါးသီးနှံအတွက်မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှလည်းကောင်း၊ ဆီထွက်သီးနှံအတွက် မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်း/ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှလည်းကောင်း တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဆောင်ရွက်မည့် စိတ်ပါဝင်စားသော အသင်းဝင်ကုမ္ပဏီ (သို့မဟုတ်) ဆန်စက်၊ ဆီစက်များအား ဖိတ်ခေါ်ရမည်။ တိုင်းဒေသကြီး/ ပြည်နယ်အတွင်းရှိ ဖော်ပြပါ အသင်းများ၏ အသင်းဝင်မဟုတ်သောကုမ္ပဏီ (သို့မဟုတ်) ဆန်စက်၊ ဆီစက်များအတွက် တိုင်းဒေသကြီး/ပြည်နယ် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီမှစိတ်ပါဝင်စားသောဝယ်ယူ၊ ကြိတ်ခွဲ၊ တင်ပို့သူများအား ဖိတ်ခေါ်ရမည်။ မြို့နယ်သမဝါယမအသင်းစု၊ တိုင်းဒေသကြီး/ပြည်နယ် သမဝါယမအသင်းစုချုပ်များ အားလည်း ဖိတ်ခေါ်ရမည်။ |

# လုပ်ငန်းစဉ်များ၊ ဆောင်ရွက်ရမည့် နည်းလမ်းနှင့်တာဝန်

| စဉ် | လုပ်ငန်းစဉ် | ဆောင်ရွက်ရမည့် နည်းလမ်းနှင့်တာဝန် |
| --- | --- | --- |
| (၈) | ဝယ်ယူ၊ ကြိတ်ခွဲ၊ တင်ပို့သူ အစုအဖွဲ့များ ရွေးချယ်ခြင်း (စပါးသီးနှံ) | စပါးသီးနှံအတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ စိတ်ဝင်စားမှုဖြင့် တင်ပြလာသော အသင်းဝင်ကုမ္ပဏီ(သို့မဟုတ်)ဆန်စက်များအား စိစစ်၍ ရွေးချယ်ပြီး တိုင်းဒေသကြီး/ပြည်နယ် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းကြီးကြပ်မှုကော်မတီသို့ တင်ပြရမည်။ တိုင်းဒေသကြီး/ပြည်နယ် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီမှ မိမိတို့တိုင်းဒေသကြီးအလိုက် ဆောင်ရွက်မည့် ဧကပေါ်မူတည်၍ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တင်ပြလာသော ဝယ်ယူ၊ကြိတ်ခွဲ၊ အစုအဖွဲ့များနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အဖွဲ့ဝင် မဟုတ်သော တိုင်းဒေသကြီး /ပြည်နယ်အတွင်းရှိ ကုမ္ပဏီ(သို့မဟုတ်) ဆန်စက်များ၊ မြို့နယ်သမဝါယမ အသင်းစု၊ တိုင်းဒေသကြီး /ပြည်နယ် သမဝါယမအသင်းစုချုပ်များအား စိစစ် ရွေးချယ်၍ မိမိတိုင်းဒေသကြီး/ ပြည်နယ်အတွင်း ဆောင်ရွက်မည့် ဝယ်ယူ၊ ကြိတ်ခွဲ၊ တင်ပို့သူ အစု အဖွဲ့များကို ရွေးချယ် အတည်ပြုရမည်။ |

# လုပ်ငန်းစဉ်များ၊ ဆောင်ရွက်ရမည့် နည်းလမ်းနှင့်တာဝန်

| စဉ် | လုပ်ငန်းစဉ် | ဆောင်ရွက်ရမည့် နည်းလမ်းနှင့်တာဝန် |
|---|---|---|
| ( ဂ) | ဝယ်ယူ၊ ကြိတ်ခွဲ၊ တင်ပို့သူ အစုအဖွဲ့များ ရွေးချယ်ခြင်း (ဆီထွက်သီးနှံ) | ဆီထွက်သီးနှံအတွက် မြန်မာနိုင်ငံဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များ အသင်းနှင့် မြန်မာနိုင်ငံဆီစက် ပိုင်ရှင်များအသင်းမှ စိတ်ဝင်စားမှုဖြင့် တင်ပြလာသော အသင်းဝင်ကုမ္ပဏီ (သို့မဟုတ်) ဆီစက်များအား စိစစ်၍ ရွေးချယ်ပြီး တိုင်းဒေသကြီး/ပြည်နယ်အဆင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီသို့ တင်ပြရမည်။ တိုင်းဒေသကြီး/ပြည်နယ်အဆင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းကြီးကြပ်မှုကော်မတီမှ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဆောင်ရွက်မည့် ကေပေါ်မူတည်၍ မြန်မာနိုင်ငံ ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များ အသင်းတို့မှ တင်ပြလာသော ဝယ်ယူ၊ ကြိတ်ခွဲ၊ တင်ပို့သူများအစုအဖွဲ့များနှင့် အသင်းဝင်မဟုတ်သော ကုမ္ပဏီ (သို့မဟုတ်) ဆီစက်များ၊ မြို့နယ်သမဝါယမအသင်းစု၊ တိုင်းဒေသကြီး /ပြည်နယ် သမဝါယမ အသင်းစုချုပ်များအား စိစစ်ရွေးချယ်၍ တိုင်းဒေသကြီး/ပြည်နယ်အတွင်း ဆောင်ရွက်မည့် ဝယ်ယူ၊ ကြိတ်ခွဲ၊ တင်ပို့သူ များအစုအဖွဲ့များအား ရွေးချယ် အတည်ပြုရမည်။ |

# လုပ်ငန်းစဉ်များ၊ ဆောင်ရွက်ရမည့် နည်းလမ်းနှင့်တာဝန်

| စဉ် | လုပ်ငန်းစဉ် | ဆောင်ရွက်ရမည့် နည်းလမ်းနှင့်တာဝန် |
|---|---|---|
| (ဃ) | သွင်းအားစုအစုအဖွဲ့ ဖွဲ့စည်းခြင်း | မြန်မာနိုင်ငံမြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေး လုပ်ငန်းရှင်များအသင်းမှ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဆောင်ရွက်မည့် စိတ်ပါဝင်စားသော အသင်းဝင် ကုမ္ပဏီ(သို့မဟုတ်) အရောင်းဆိုင်များအားဖွဲ့စည်း၍ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်းတို့နှင့် တိုင်းဒေသကြီး/ပြည်နယ် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီသို့ ပေးပို့ရမည်။ မြန်မာနိုင်ငံမြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေး ဆေးလုပ်ငန်းရှင်များအသင်း၏ အသင်းဝင်မဟုတ်သူများအတွက် တိုင်းဒေသကြီး /ပြည်နယ် စိုက်ပျိုး မွေးမြူရေး လုပ်ငန်းကြီးကြပ်မှုကော်မတီမှဖွဲ့စည်းပေးရမည်။ တိုင်းဒေသကြီး/ ပြည်နယ် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီမှ အတည်ပြုရွေးချယ်ထားသော ဝယ်ယူ ကြိတ်ခွဲ၊ တင်ပို့သူများ အစုအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်နိုင်သော သွင်းအားစုအစုအဖွဲ့ သို့မဟုတ် သွင်းအားစုရောင်းချသူဖြစ်ရမည်။ |

# လုပ်ငန်းစဉ်များ၊ ဆောင်ရွက်ရမည့် နည်းလမ်းနှင့်တာဝန်

| စဉ် | လုပ်ငန်းစဉ် | ဆောင်ရွက်ရမည့် နည်းလမ်းနှင့်တာဝန် |
|---|---|---|
| (င) | စီမံကိန်းဆောင်ရွက်မည့် ကျေးရွာများ သတ်မှတ်ခြင်း | စီမံကိန်းဆောင်ရွက်မည့်ကျေးရွာအား မြို့နယ်အဆင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းကြီးကြပ်မှုကော်မတီ၊ ဝယ်ယူ၊ ကြိတ်ခွဲ၊ တင်ပို့ရောင်းချရေးအစုအဖွဲ့နှင့် သွင်းအားစု ရောင်းချသူတို့ ပူးပေါင်း၍ သတ်မှတ်ရမည်။ |
| (စ) | တောင်သူအစုအဖွဲ့/သမအသင်း ဖွဲ့စည်းခြင်း | မြို့နယ်အဆင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းကြီးကြပ်မှုကော်မတီ၊ ဝယ်ယူ၊ ကြိတ်ခွဲ၊ တင်ပို့ရောင်းချရေးအဖွဲ့နှင့် သွင်းအားစု ရောင်းချ သူ တို့ပူးပေါင်း၍ ဖွဲ့စည်းရမည်။ |

# လုပ်ငန်းစဉ်များ၊ ဆောင်ရွက်ရမည့် နည်းလမ်းနှင့်တာဝန်

| စဉ် | လုပ်ငန်းစဉ် | ဆောင်ရွက်ရမည့် နည်းလမ်းနှင့်တာဝန် |
|---|---|---|
| (ဆ) | တောင်သူလိုအပ်သောသွင်းအားစုစာရင်း ကောက်ယူခြင်း | မြို့နယ်အဆင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းကြီးကြပ်မှုကော်မတီ၊ ဝယ်ယူ၊ ကြိုတ်ခွဲ၊ တင်ပို့ရောင်းချရေးအဖွဲ့နှင့် သွင်းအားစု ရောင်းချသူတို့ပူးပေါင်း၍ ကောက်ယူရမည်။ |
| (ဇ) | ဝယ်ယူ၊ ကြိုတ်ခွဲ၊ တင်ပို့သူအစုအဖွဲ့၊ သွင်းအားစုအစုအဖွဲ့၊ တောင်သူအစုအဖွဲ့တို့ သုံးဦးသုံးဖလှယ်သဘော တူစာချုပ် ချုပ်ဆိုခြင်း | ဝယ်ယူ၊ ကြိုတ်ခွဲ၊ တင်ပို့ရောင်းချရေးအဖွဲ့၊ သွင်းအားစုရောင်းချသူ၊ တောင်သူအစုအဖွဲ့တို့ ပူးပေါင်း၍ ချုပ်ဆိုရမည်။ တောင်သူလိုအပ်သော သွင်းအားစုဖြစ်ရမည်။ သွင်းအားစုဈေးနှုန်းနှင့် ပတ်သက်၍ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ဈေးနှုန်းကို အခြေခံ၍ ဆောင်ရွက်ရမည်။ |
| (ဈ) | တိုင်းဒေသကြီးစိုက်ပျိုးမွေးမြူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီနှင့် ဝယ်ယူ ၊ ကြိုတ်ခွဲ၊ တင်ပို့သူ အစုအဖွဲ့တို့ ချေးငွေစာချုပ် ချုပ်ဆိုခြင်း | ဝယ်ယူ၊ ကြိုတ်ခွဲ၊ တင်ပို့သူအစုအဖွဲ့၊ သွင်းအားစုအစုအဖွဲ့၊ တောင်သူအစုအဖွဲ့တို့ သုံးဦးသုံးဖလှယ် သဘောတူစာချုပ်အား တင်ပြ၍ တိုင်းဒေသကြီးလုပ်ငန်းကြီးကြပ်မှု ကော်မတီနှင့် ဝယ်ယူ၊ ကြိုတ်ခွဲ၊ တင်ပို့ သူ အစုအဖွဲ့တို့လုပ်ငန်း ချေးငွေစာချုပ် ချုပ်ဆိုရမည်။ |

# လုပ်ငန်းစဉ်များ၊ ဆောင်ရွက်ရမည့် နည်းလမ်းနှင့်တာဝန်

| စဉ် | လုပ်ငန်းစဉ် | ဆောင်ရွက်ရမည့် နည်းလမ်းနှင့်တာဝန် |
|---|---|---|
| (ည) | တိုင်းဒေသကြီးစိုက်ပျိုးမွေးမြူရေး လုပ်ငန်းကြီးကြပ်မှု ကော်မတီမှ ဝယ်ယူ၊ ကြိတ်ခွဲ၊ တင်ပို့သူအစုအဖွဲ့သို့ ချေးငွေပေးခြင်း | ပထမဦးစွာ သွင်းအားစုရောင်းချသူမှ တောင်သူများထံသို့ သွင်းအားစု ဖြန့်ဖြူးပြီးကြောင်း အထောက်အထားနှင့်အတူ ဝယ်ယူကြိတ်ခွဲအစု အဖွဲ့ထံသို့ တင်ပြရမည်။ ဝယ်ယူ၊ ကြိတ်ခွဲ၊ အစုအဖွဲ့မှ သွင်းအားစုအဖွဲ့အား ငွေပေးချေနိုင်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်စိုက်ပျိုး မွေးမြူရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီထံသို့ သတ်မှတ်ထားသော အထောက်အထားများနှင့် အတူ တောင်းခံလာပါက တိုင်းဒေသကြီး/ ပြည်နယ်စိုက်ပျိုး မွေးမြူရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီမှ ဝယ်ယူ၊ ကြိတ်ခွဲ၊ တင်ပို့သူအဖွဲ့နှင့် သွင်းအားစု ရောင်းချသူအဖွဲ့တို့ ပူးတွဲ ဖွင့်လှစ်ထား သော ငွေစာရင်း အမှတ် သို့ လွှဲပြောင်းပေးရမည်။ |

# လုပ်ငန်းစဉ်များ၊ ဆောင်ရွက်ရမည့် နည်းလမ်းနှင့်တာဝန်

| စဉ် | လုပ်ငန်းစဉ် | ဆောင်ရွက်ရမည့် နည်းလမ်းနှင့်တာဝန် |
|---|---|---|
| (၄) | သီးနှံရောင်းချခြင်း | တောင်သူအစုအဖွဲ့/သမအသင်းမှ ထွက်ရှိလာသော သီးနှံများအား ကာလဒေသပေါက်ဈေးအတိုင်း စာချုပ်ချုပ်ဆိုထားသော ဝယ်ယူ၊ ကြိတ်ခွဲ၊ တင်ပို့သူအစုအဖွဲ့သို့ ရောင်းချရမည်။ |
| (၅) | သီးနှံဝယ်ယူခြင်း | ဝယ်ယူ၊ ကြိတ်ခွဲ၊ တင်ပို့သူအစုအဖွဲ့မှ စာချုပ်ချုပ်ဆိုထားသော တောင်သူအစုအဖွဲ့/သမအသင်းမှ ထွက်ရှိလာသော သီးနှံများအား ကာလဒေသ ပေါက်ဈေးအတိုင်းဝယ်ယူရမည်။ |
| (၃) | တိုင်းဒေသကြီး/ပြည်နယ်စိုက်ပျိုးမွေးမြူရေး လုပ်ငန်းကြီး ကြပ်မှုကော်မတီသို့ ဝယ်ယူ၊ ကြိတ်ခွဲ၊ တင်ပို့သူ အစု အဖွဲ့မှ ချေးငွေပြန်လည်ပေးဆပ်ခြင်း | ဝယ်ယူ၊ကြိတ်ခွဲ၊တင်ပို့သူအစုအဖွဲ့များမှ စာချုပ်ပါ စည်းကမ်းအတိုင်း သတ်မှတ်ထားသော ကာလအတွင်း တိုင်းဒေသကြီး/ပြည်နယ် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းကြီးကြပ်မှုကော်မတီသို့ ပြန်လည်ပေးဆပ် ရမည်။ |

# စာချုပ်ချုပ်ခြင်း

(က) ဝယ်ယူ၊ ကြိတ်ခွဲ၊ တင်ပို့သူ အစုအဖွဲ့၊ သွင်းအားစု အစုအဖွဲ့၊ တောင်သူအစုအဖွဲ့တို့ ချုပ်ဆိုသည့် သုံးဦး သုံးဖလှယ် သဘောတူစာချုပ်

(ခ) တိုင်းဒေသကြီး/ပြည်နယ် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းကြီးကြပ်မှုကော်မတီနှင့် ဝယ်ယူ ၊ ကြိတ်ခွဲ၊ တင်ပို့သူ အစုအဖွဲ့တို့ ချုပ်ဆိုသည့် ဈေးငွေစာချုပ်

# ချေးငွေကာလသတ်မှတ်ခြင်း

(က) တောင်သူများအနေဖြင့် ဝယ်ယူ၊ ကြိတ်ခွဲ၊တင်ပို့သူအစုအဖွဲ့၊သွင်းအားစု အစုအဖွဲ့၊ တောင်သူအစုအဖွဲ့တို့ သုံးဦးသုံးဖလှယ်သဘောတူ စာချုပ်ချုပ်ဆိုပြီးနေ့မှ ရက်ပေါင်း (၁၅၀) အတွင်း ချေးငွေပမာဏ နှင့် တူညီသော သီးနှံ အားဝယ်ယူ၊ ကြိတ်ခွဲ၊ တင်ပို့သူ အစုအဖွဲ့ များထံသို့ပေးဆပ်ရန်၊

(ခ) ဝယ်ယူ၊ ကြိတ်ခွဲ၊ တင်ပို့သူ အစုအဖွဲ့များအတွက် သုံးဦးသုံးဖလှယ်သဘောတူ စာချုပ်ချုပ်ဆိုပြီးနေ့မှ ရက်ပေါင်း (၁၈၀)အတွင်း နိုင်ငံတော်သို့ ချေးငွေပေးဆပ်ရန် ချေးငွေကာလ အား သတ်မှတ်ပါသည်။


## ဝန်ဆောင်ခ သတ်မှတ်ခြင်း

ချေးငွေအပေါ် ဝန်ဆောင်ခအား ၁ % အဖြစ် သတ်မှတ်ပါသည်။ ဝန်ဆောင်ခ ၁ % အား သွင်းအားစု ရောင်းချသူများမှ ဂ.၅ % နှင့် ဝယ်ယူ၊ ကြိတ်ခွဲ၊ တင်ပို့သူ အစုအဖွဲ့မှ ဂ.၅% ကျခံရန် သတ်မှတ် ပါသည်။

# ရန်ပုံငွေစီးဆင်းမှုနှင့် စီမံကိန်းငွေစာရင်းဖွင့်လှစ်ခြင်း

တိုင်းဒေသကြီး/ပြည်နယ်များ၏ UFA (OA) စာရင်းရှင်များမှ ဝယ်ယူကြိတ်ခွဲတင်ပို့သူနှင့် သွင်းအားစု ရောင်းချသူများ၏ ပူးတွဲဖွင့်လှစ်ထားသော ငွေစာရင်းအမှတ်များသို့ စာရင်းပြောင်းနည်းလမ်း(Transfer)ဖြင့် ရန်ပုံငွေလွှဲပြောင်းပေးမည်ဖြစ်ပါသည်။ သွင်းအားစုရောင်းချသူများနှင့် ဝယ်ယူ၊ ကြိတ်ခွဲ၊ တင်ပို့သူ အစုအဖွဲ့များမှ ပြန်လည်ပေးဆပ်သည့်ငွေရပ်အတွက် တိုင်းဒေသကြီး/ပြည်နယ်များ၏ UFA (OA) စာရင်းရှင် များသို့ စာရင်းပြောင်းနည်းလမ်း (Transfer) ဖြင့် ပြန်လည်ပေးဆပ်ရမည်။

# ရန်ပုံငွေစီးဆင်းမှုပုံစံ




| | |
|---|---|
| အဆင့်(၁) | စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)၏ UFA(OA) စာရင်းမှတိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှုးရုံး များ၏ OA စာရင်းသို့ စာရင်းပြောင်းနည်းလမ်း(Transfer) ဖြင့် လွှဲပြောင်းခြင်း |
| အဆင့်(၂) | သွင်းအားစုအစုအဖွဲ့မှ တစ်ဧက သတ်မှတ်နှုန်းနှင့် ညီမျှသော သွင်းအားစု အား တောင်သူအစုအဖွဲ့သို့ ထုတ်ပေးခြင်း |
| အဆင့်(၃) | တိုင်းဒေသကြီး/ပြည်နယ်၏ UFA(OA) စာရင်းမှ ဝယ်ယူ၊ ကြိတ်ခွဲ တင်ပို့သူ အစုအဖွဲ့နှင့် သွင်းအားစုရောင်းချသူအစုအဖွဲ့တို့ ပူးတွဲ၍ မြန်မာ့စီးပွားရေးဘဏ် တွင်ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ်သို့ စာရင်းပြောင်းနည်းလမ်း(Transfer)ဖြင့် ချေးငွေ ထုတ်ချေးခြင်း |
| အဆင့်(၄) | ဝယ်ယူ၊ ကြိတ်ခွဲတင်ပို့သူအစုအဖွဲ့မှ သွင်းအားစုရောင်းချသူအစုအဖွဲ့သို့ သွင်းအားစု ဖိုးငွေလွှဲပြောင်းခြင်း |
| အဆင့်(၅) | သွင်းအားစုရောင်းချသူအစုအဖွဲ့မှ ဝန်ဆောင်ခ ၀.၅% အား တိုင်းဒေသကြီး/ပြည်နယ် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီသို့ သွင်းအားစုဖိုးငွေ ရရှိပြီး (၇)ရက် အတွင်းပေးသွင်းခြင်း |
| အဆင့်(၆) | တောင်သူအစုအဖွဲ့များမှ သွင်းအားစုဖိုးနှင့်ညီမျှသော သီးနှံဖြင့် ဝယ်ယူ၊ကြိတ်ခွဲ၊ တင်ပို့သူ အစုအဖွဲ့သို့ ပြန်လည်ပေးဆပ်ခြင်း |
| အဆင့်(၇) | ဝယ်ယူ၊ကြိတ်ခွဲ၊တင်ပို့သူအစုအဖွဲ့မှ ချေးငွေကောက်ခံရငွေနှင့် ဝန်ဆောင်ခ ၀.၅% တို့အား တိုင်းဒေသကြီး/ပြည်နယ် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီသို့ ပြန်လည် ပေးဆပ်ခြင်း |
| အဆင့်(၈) | တိုင်းဒေသကြီး/ပြည်နယ် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ မှ ပြည်ထောင်စုအဆင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ သို့ ရန်ပုံငွေ လွှဲပြောင်းခြင်း |

## သွင်းအားစုဝယ်ယူခြင်း

(က) တောင်သူများအသုံးပြုလိုသော ဈေးနှုန်းသက်သာပြီးအရည်အသွေးမှန်ကန်သော သွင်းအားစု ရရှိရေးအတွက် သွင်းအားစုဝယ်ယူရာတွင် ဝယ်ယူ၊ ကြိုတ်ခွဲ၊ တင်ပို့သူအစုအဖွဲ့မှ သွင်းအားစု ရောင်းချသူများထံမှ တိုက်ရိုက်ဝယ်ယူ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(ခ) ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီမှကြီးကြပ်ဆောင်ရွက်ရမည်။

(ဂ) သွင်းအားစုဈေးနှုန်းနှင့်ပတ်သက်၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ဈေးနှုန်းကို အခြေခံ၍ ဆောင်ရွက်ရမည်။

# သွင်းအားစုဖြန့်ဖြူးခြင်း

ဝယ်ယူ၊ ကြိတ်ခွဲ၊တင်ပို့သူအစုအဖွဲ့၊သွင်းအားစုအစုအဖွဲ့၊ တောင်သူအစုအဖွဲ့တို့ သုံးဦးသုံးဖလှယ် သဘောတူစာချုပ် ချုပ်ဆိုပြီး (၁၄) ရက်အတွင်း သွင်းအားစုအစုအဖွဲ့မှ တောင်သူများထံသို့ အရောက်စနစ်ဖြင့် သွင်းအားစု ဖြန့်ဖြူးရမည်။

# အာမခံချက်များ ရယူခြင်း (ဝယ်ယူ၊ကြိုတ်ခွဲ၊ တင်ပို့သူ အစုအဖွဲ့များထံမှ )

(က) မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ရွေးချယ်အတည်ပြုထားသော ဝယ်ယူ၊ ကြိတ်ခွဲ၊ တင်ပို့သူ အစုအဖွဲ့များအတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ Corporate Guarantee အာမခံခြင်း ၊

(ခ) မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ အသင်းဝင်မဟုတ်သော ဝယ်ယူ၊ ကြိတ်ခွဲ၊ တင်ပို့သူ အစုအဖွဲ့များအတွက် ချေးငွေပမာဏ၏ Bank Guarantee အာမခံ (၅၀ %) တင်ပြခြင်း၊

(ဂ) ချေးငွေပမာဏ၏ Bank Guarantee အာမခံ (၅၀ %) မတင်ပြနိုင်ပါက ချေးငွေပမာဏ၏ Bank Guarantee အာမခံ (၅၀ %) နှင့်ညီမျှသော လုပ်ငန်းရှင်တို့ပိုင်ဆိုင်သည့် မရွှေ့မပြောင်းနိုင်သည့် (သို့မဟုတ်) ရွှေ့ပြောင်းနိုင်သည့် အခြားအာမခံပစ္စည်း (မြေ၊ အဆောက်အဦ၊ စက်ပစ္စည်း) စသည် တို့နှင့်သက်ဆိုင်သောပိုင်ဆိုင်မှုစာရွက် စာတမ်း အထောက် အထား (မူရင်း)များကို ရယူခြင်း၊

(ဃ) ချေးငွေပမာဏ၏ Bank Guarantee အာမခံ (၅၀ %) မတင်သွင်းနိုင်သော ဝယ်ယူ၊ ကြိတ်ခွဲ၊ တင်ပို့သူ အစုအဖွဲ့များအတွက် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့၏ အာမခံ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နိုင်ခြင်း၊

(င) သမဝါယမအသင်း၊ အသင်းစု၊ အသင်းစုချုပ်များအနေဖြင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ အာမခံချက်တင်ပြခြင်း တို့ဖြစ်ပါသည်။

# ဘဏ်စရိတ်နှင့် ပေးဆောင်ရမည့် အခွန်များကိစ္စ

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အစီအစဉ်အတွက် မြန်မာ့စီးပွားရေးဘဏ်များနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် ကျသင့်မည့် ဘဏ်ဆောင်ရွက်ခများ၊ ပင်ရင်းမှ နှုတ်ယူပေးသွင်းရမည့် ဝင်ငွေခွန် (Withholding Tax ၂ %) နှင့် တံဆိပ်ခေါင်းခွန်ကိစ္စများအား သက်ဆိုင်ရာ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

# မမျှော်လင့်နိုင်သောဆုံးရှုံးမှုများအတွက်စီမံခန့်ခွဲခြင်းနှင့်အငြင်းပွားမှုများအတွက်ဖြေရှင်းမှုများ

ဝယ်ယူ၊ကြိုတ်ခွဲ၊ တင်ပို့သူများနှင့် တောင်သူအစုအဖွဲ့အကြား ဖြစ်ပေါ်နိုင်သော အငြင်းပွားဖွယ်ရာများ၊ ဝယ်ယူ ၊ကြိုတ်ခွဲ၊ တင်ပို့သူများနှင့် သွင်းအားစု အစုအဖွဲ့တို့အကြား ဖြစ်ပေါ်နိုင်သော အငြင်းပွားဖွယ်ရာများ၊ သွင်းအားစု အစုအဖွဲ့နှင့် တောင်သူအစုအဖွဲ့အကြား ဖြစ်ပေါ်နိုင်သော အငြင်းပွားဖွယ်ရာများ၊ ဝယ်ယူ၊ကြိုတ်ခွဲ၊ တင်ပို့သူများနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းကြီးကြပ်မှုကော်မတီများအကြား ဖြစ်ပေါ်နိုင်သော အငြင်းပွားဖွယ်ရာများ ဖြစ်ပေါ်ပါက သက်ဆိုင်ရာအဖွဲ့အစည်း အဆင့်ဆင့်၏ ကြားဝင်ဖြန်ဖြေခြင်း၊ စစ်ဆေးခြင်းများကိုခံယူ၍ ပြည်ထောင်စု အဆင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်း ကြီးကြပ်မှုကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

# ကျေးဇူးတင်ပါသည်။